## ၅။ ငှက်ပျောရွက်လိပ်/ရွက်ကပ်လိပ်ပြာ

**Banana Skipper: *Erionota thrax* (Linnaeus, 1767)**

**Lepidoptera: Hesperiidae**

**ဖျက်ကောင်ပုံသဏ္ဌာန်များ**





လောက်ကောင်၏ ဦးခေါင်းသည် အနက်ရောင်ရှိပြီး ခန္ဓာကိုယ်သည် အဖြူရောင်ရှိပြီး ဖယောင်းလွှာဖြင့် ဖုံးအုပ်ထားသည်။ အကောင်ကြီးများသည် အညိုရောင်ရှိပြီး အရှေ့အတောင်ပေါ်တွင် ထင်ရှားသော အပြောက် (၃) ခုပါရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**




အရွယ်မရောက်သေးသည့် လောက်ကောင်သည် အရွက်များကိုလိပ်၍ နေထိုင်စား သောက်ဖျက်ဆီးလေ့ရှိသည့်အတွက်ကြောင့် အရွက်များပုံပျက်၍ ပျက်ဆီးနေသည်ကို တွေ့ရ သည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | **– (၅ –၈)** ရက် |
| လောက်ကောင် အဆင့် | **– (၃ –၄ )** ပတ် |
| ရုပ်ဖုံး အဆင့် | **– (၈–၁၂)** ရက် |
| အကောင်ကြီးအဆင့် | –(၆–၁၂)ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းများ**

(၁) ဥမြုံ၊ လောက်ကောင်နှင့် ရုပ်ဖုံးများကို လက်ဖြင့်ကောက်ယူဖျက်ဆီးပါ။

(၂)အလင်းရောင်ထောင်ချောက်ထွန်းပါ။

(၃)ထိသေ၊စားသေအာနိသင်ရှိသော ပိုးသတ်ဆေး တစ်မျိုးမျိုးကိုဆေးအညွှန်း အတိုင်းသုံးပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre–harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျခူးဆွတ်ပါ။

- ကာဘာရိုင်း(Carbaryl)
- လန်မ်ဒါဆိုင်ဟောလိုသရင် (Lambda–Cyhalothrin)
- ဆိုင်ပါမီသရင် (Cypermethrin)
- ဖလူဘန်ဒိုင်ရာမိုက် (Flubendiamide)
- ကလိုရမ်ထရမ်နီလီပရော (Chlorantraniliprole)